
ဝိုး ဝိုး ဝ ဂ ေ ပ
အကြည်တော်
လျှို့ဝှက်သောကစားပွဲ

# (၁)

လူငယ်တစ်ဦး တက္ကသိုလ်ကျောင်းဝင်းဝတွင် ရပ်နေသည်။

ဂျင်းဘောင်းဘီအပြာ၊ ရှပ်အင်္ကျီအဖြူနှင့်မို့ ကြည့်ရတာ သန့်ပြန့်နေသည်။ သို့သော် ဆယ်တန်းကျောင်းသားများ လွယ်တတ်သော လွယ်အိတ်ကလေး လွယ်ထားသည်မို့ ဆယ်တန်းအောင်ပြီး ပထမနှစ် စတက်မည့် ကျောင်းသား တစ်ယောက် မှန်း သိသာ၏ ။ သူသည် တက္က သိုလ်ကျောင်းဆိုင်းဘုတ်ကို တဝကြီးငေးနေ၏ ။

သူ့နား နောက် တစ်ယောက် ရောက်လာသည်။ နောက် ရောက်လာသော လူငယ်ကလဲ သူ့နည်းတူ ကျောင်းဆိုင်းဘုတ်ကို ငေးနေသည်။

ဂျင်းဘောင်းဘီမတိုမရှည်နှင့် အကောင်းစားများ ဝတ်ဆင် ထားသည့်အတွက် လူကုံထံအသိုင်းအဝိုင်းကမှန်း သိသာလှ၏ ။ တိုင် ပင်မထားပါဘဲ ကျောင်းဆိုင်းဘုတ်ကိုသာ တဝကြီးကြည့်နေ၏ ။

သူတို့နှစ် ယောက် ဘေးသို့ မိန်းကလေး တစ်ယောက် ရောက် လာသည်။ ခေတ်မီသော ခေတ်ဆန်သော အဝတ်အစားများ နှင့်မို့ အတော် လှသည်ဟု ဆိုရပေမည် ။ သူမသည်လဲ ဟိုနှစ် ယောက် နည်း တူ။

သူမနံဘေးသို့ နောက်ထပ် ကောင်မလေးနှစ် ယောက် ထပ် ရောက်လာသည်။

တစ်ယောက် က ရိုးရှင်းသော ဝတ်စုံကို ဝတ်ဆင်ထားပြီး ကျန် တစ်ယောက် က လွန်စွာ အေးချမ်းသော ဝတ်စုံကို ဆင်မြန်းထားသည်။

သူတို့ငါးယောက် တစ်ယောက် ကို တစ်ယောက် တိုင်ပင်ထား ခြင်းမရှိဘဲ ရင်ဘောင်တန်း၍ ကျောင်းအဝင်ဝဆိုင်းဘုတ်ကြီးကို ကိုယ်စီငေးကြည့်နေကြသည်။

ကျန်သည့်ကျောင်းသားများ ဥဒဟိုလှုပ်ရှားနေကြသော် လည်း သူတို့ငါးဦးမှာ ငြိမ်သက်၍ ငေးနေကြသည်။

ထူးခြားသည်ကား သူတို့ငါးဦးထဲတွင် ကစားပွဲတစ်ခု၌ Killer ဟုခေါ်သော

လူသတ်သမားတစ်ဦးပါရှိနေခြင်းပင်။

"ရူပဗေဒဆောင်ကို ဘယ်လိုသွားရမလဲ မသိ"

အကောင်းစားများ ဝတ်ဆင်ထားသော ကောင်လေးတစ် ယောက် က ညည်းညူယောင်နှင့် ရေရွတ်သည်။

"ငါက အင်္ဂလိပ်စာဆောင်သွားရမှာ "

နောက် တစ်ယောက် က ထိုနည်းတူစွာ ရေရွတ်သည်။ အ လှဆုံးကောင်မလေး သူ့ဖက်ငဲ့သွားပြီး..

"ငါလဲ အင်္ဂလိပ်စာပဲ"

အချင်းချင်းပြောနေတာလား ရေရွတ်နေတာလား မသိ။

တစ်ယောက် ကို တစ်ယောက် လဲ ကောင်းကောင်းမကြည့်။ သိပုံလဲမပေါ်။

"ခက်တာပဲ ငါကမြန်မာစာဆောင်..နင်ရောဘယ်သွား မှာ လဲ"

ဘာမှထူးခြားမှု မရှိသော ကောင်မလေးက ဘေးနားက ကျန် သော တစ်ယောက် ကို ငဲ့ရင်းမေးသည်။ ဒါကို ထိုကောင်မလေးက..

"ကျောင်းကို"

ဆိုကာ ခြေလှမ်းကို စသွားသည်။ ထိုတော့မှကျန်သူများ လဲ

"ရူပဗေဒသဘောတရားအရဆိုရင်တော့ သေးငယ်တဲ့ မော်လီကျူးတွေ ပေါင်းစုပြီး ကြီးမားတဲ့အစိုင်အခဲ ဖြစ်ပေါ်စေခဲ့တယ်။ မင်းတို့လဲ အလယ်တန်း၊ အထက်တန်းတွေ မှာ သင်ခဲ့ပြီး ဖြစ်ပါလိမ့်မယ် ဥပမာ အငွေ့၊ အငွေ့မှနေအမှု န်အဖွဲ့၊ အမှု န်အဖွဲ့မှသည် အရည်။ အဲဒီ အရည်အများ ကြီး ပေါင်းစုမိတဲ့အခါ သမုဒ္ဒရာကြီး ဖြစ်သည်အထိ ကြီးကျယ်စေခဲ့ပါတယ်"

"အဲဒီ သဘောအတိုင်းပါပဲ..တက္ကသိုလ်ပညာရေး ဆိုတာ ကျောင်းတော် က

သင်ပေးလိုက် တဲ့ စာပေတွေ တင် တန်ဖိုးရှိတာ မဟုတ် ပါဘူး။ လူမှု ရေး အရပါ ပေါင်းသင်းဆက်ဆံရေး အတွက် တန်ဖိုးရှိလှပါတယ်"

ကျောင်းသားများ က ဆရာဦးအောင်လှ၏ စကားကို ဂရုတ စိုက် နားထောင်နေကြသည်။ ဆရာဦးအောင်လှက စာသင်ကောင်း ရုံမက အပြောလဲကောင်း၏ ။

"ဆိုကြပါစို့ အခုဆိုရင် အနယ်နယ်အရပ်ရပ်က ကျောင်းသား တွေ ဟာ ဒီကျောင်းတော် ကြီးမှာ လာပြီး ဆုံစည်းမိကြပါပြီ။ ဒီကျောင်း တော် ကြီးမှာ ပဲ ဒီလူတွေ ဟာ အသိအကျွမ်း ဖြစ်၊ မိတ်ဆွေဖွဲ့မိကြမှာ ပါ"

"တက္ကသိုလ်ကျောင်းသားဆိုတဲ့ အရွယ်ဟာ အရာရာကိုသိ မြင်ပိုင်းခြားတဲ့အရွယ် ဖြစ်နေပါပြီ။ ဒါကြောင့် တက္ကသိုလ်မှာ သိ ကျွမ်းခင်မင်ရတဲ့ မိတ်ဆွေတွေ ဟာ ရာသက်ပန်မိတ်ဆွေတွေ ဖြစ် သွားနိုင်ပါတယ်။ အဲဒီ အခါမှာ ကျောင်းသင်ခန်းစာတင်မကဘဲ သူ့ရဲ့ အတွေးအမြင် ကိုယ့်ရဲ့ အတွေးအမြင်များ ကို ဖလှယ်ပြီး ရှေ့ဆက် ရမယ့် ကိုယ့်ဘဝခရီးအတွက် တန်ဖိုးရှိစွာ အသုံးချနိုင်မှာ ဖြစ်ပါတယ်"

"ဆရာဆိုလိုတာက တက္ကသိုလ်ဆိုတာ ပညာသင်ယူဖို့တင်မ ကဘဲ မိတ်ကောင်းဆွေကောင်းဖွဲ့ဖို့ပါ အင်မတန်ကောင်းတဲ့ အခွင့် အရေး ကြီးတစ်ခု ဆိုတာပါပဲ..မိတ်ကောင်းဆွေကောင်းသာရခဲ့ရင် မင်းတို့ရဲ့ ဘဝတိုးတက်ဖို့ဆိုတာ သိပ်မခက်ခဲလှပါဘူး၊ အဲ ဆရာ ပြောတာ မိတ်ဆွေဖွဲ့ဖို့တင်ပြောတာနော်၊ အဆင့်ကျော်ပြီး ရည်း စားထားဖို့ မဟုတ်ဘူး"

ဆရာ့စကားကြောင့် ကျောင်းသားများ ဝါးခနဲပွဲကျသွား၏ ။

"တချို့ မိတ်ဆွေဖွဲ့ပါဆို ရည်းစားထားဖို့ချည်း ကြိုးစားနေ ကြတယ်၊ တက္ကသိုလ်ကကျောင်းပြီးလို့ ဘွဲ့လက်မှတ်နဲ့အတူ ရည်းစား လေးမှ လက်ဆုပ်လက်ကိုင်မပြနိုင်ရင် ဂုဏ်ပဲငယ်သလိုလို၊ လူရာပဲ မဝင်သလိုလို"

"အဲသည်လိုဆို ဆရာတို့ဘယ်လိုလုပ်မလဲ၊ တက္ကသိုလ်ကကျောင်းပြီးလို့ ဒီမှာ ပဲ ဆရာပြန်လုပ်တယ်၊ ကဲ..အခုချိန်ထိ မိန်း မမရသေးဘူး၊ ကဲ..ဘာပြောမလဲ"

''မစွံလို့ပါ''

ဘယ်ကထွက်လာမှန်းမသိသော အသံကြောင့် ကျောင်းသား များ ဝါးခနဲပွဲကျသွားပြန်သည်။

''ကဲ…ကဲ..ထားပါတော့၊ မစွံတာဘဲ ကံကောင်းလှပါ ပြီ၊ အခုလဲ မင်းတို့ရဲ့ မိတ်ဆွေဖွဲ့ဖို့ အချိန်ရောက်နေပြီမို့..အားလုံး''

''ကျေးဇူးတင်ပါတယ်ဆရာ''

ကျောင်းသားများ ထံမှ လိုက်လဲ့သော နှုတ်ဆက်သံ ပြိုင်တူ ထွက်ပေါ်လာသည်။ မှန်ပေသည်။ တက္ကသိုလ်ဆိုတာ ပျော်တတ်သော အရွယ်များ ဖြစ်၍ ပျော်စရာအကောင်းဆုံးအချိန်လဲ ဖြစ်ပေသည်။

X X X

''မိတ်ကောင်းဆိုတာ ဘာဘာညာညာ ပြောနေစရာမလို ပါဘူးသေချာတာက''

''တစ်ချိန်မှာ မိတ်ဟောင်းဆွေဟောင်း ဖြစ်ကြမယ့်သူတွေ ပါ ပဲ''

X X X

ကျောင်းကင်တင်း(န်)က လူစည်ကားနေသည်။ နေ့ခင်းပိုင်းအတန်းနားချိန်ဆုံ၍ နည်းပါးလှသော ကင်တင်း(န်)တွင် အလုအ ယက် ဖြစ်နေကြသည်။

စိန်ပန်းရိပ်၏ လွတ်နေသော စားပွဲတွင် ကောင်လေးတစ် ယောက် အပြေးဝင်ထိုင်လိုက်သည်။ သိပ်မကြာခင် ကောင်မလေးသုံး ယောက် ပြိုင်တူနီးပါး ရောက်လာကြသည်။ နောက်ဆုံးလွတ်နေသော ခုံမှာ မှ နောက်ထပ်ကောင်လေး တစ်ယောက် ထပ်ရောက်လာသည်။

ငါးဦးလုံး တစ်ယောက် ကို တစ်ယောက် ဇဝေဇဝါဖြင့် ကြည့် ကြသည်။ အားလုံး တစ်နေရာရာတွင် မြင်ခဲ့ဖူးကြသလို။

သို့သော် မိတ်ဆွေမဖွဲ့နိုင်သေး။ ဆာလောင်နေသော ဝမ်း

ဗိုက်ကို ပြုစုရပေဦးမည်။

''ချွတ်..ချွတ်..ကောင်လေး..ဒီမှာ မှာ မလို့''

နောက်ဆုံးရောက်လာသော ကောင်လေးက စားပွဲထိုးကို လှမ်းခေါ်လိုက်သည်။

''လာပြီဆရာ''

စားပွဲထိုးလေးက ပြေးလာသည်။

''ဘာစားမလဲ ဆရာ''

''ခေါက်ဆွဲကြော်တစ်ပွဲပေး..မြန်မြန်လေး ဗိုက်ဆာလှပြီ''

ကောင်လေးတွေ မမှာ ခင် အလှဆုံးကောင်မလေးက ဦး အောင်မှာ သည်။ နောက် တစ်ယောက် ကလဲ..

''ငါ့ကိုက ဆီချက်''

ခပ်တုံးတုံးကောင်မလေးကပါ..

''ငါလဲဆီချက်..အဲ..ထမင်းကြော်ပဲပေး''

''ဟုတ်ကဲ့အစ်မ..အကြော်တွေ က ခဏစောင့်ရမယ်..

အစ်ကိုလေးတို့ကရော''

ယောကျ်ားလေးတွေ က ရှင်းသည်။

''မြန်တာ ဘာရလဲ''

''စမူဆာ၊ အီကြာကွေး..ပေါက်စီမြန်တယ် အစ်ကို''

''ငါ့ကို အီကြာကွေးပဲယူခဲ့..မြန်မြန်ကွာ..ကျဆိမ့်ပါဆွဲ ခဲ့..''

''ငါက ပေါက်စီ၊ ပူတာလေးပေးနော်..''

"စိတ်ချအစ်ကို...ဟော့..ဒီမှာ ခေါက်ဝမ်းဆီဝမ်း.. မင်းဝမ်း မြန်ထားမယ်..နောက်ပြီး ဝက်ပေါက်နှစ် ကောင် ဖမ်းပြီး ကွေးတစ်ချောင်းတင်မယ်"

ဆိုကာ ပြန်ပြေးသွားသည်။ နောက်..သူအော်သလို မြန် မြန်ရသော ပေါက်စီနှင့်အီကြာကွေးပန်းကန်ကိုင်ပြီး ပြန်ပြေးလာ သည်။

တစ်ဖက်ကလဲလက်ဖက်ရည်ခွက်နှင့်။

"အစ်မတို့ကြော်နေပြီ..ရတော့မယ်"

ဘယ်သူမှမမေးဘဲ ဖြေကြားပြီး ပြန်ပြေးထွက်သွားသည်။

သူတို့ငါးယောက် ရှေ့မှာ တော့ အီကြာကွေးပန်းကန်နှင့် ပေါက်စီပန်းကန် လက်ဖက်ရည်ခွက်က ကောင်လေးရှေ့မှာ ။ ကောင် လေး တစ်ယောက် က သူ မှာ ထားသော အီကြာကွေးကို လှမ်းယူလိုက် သည်။ အီကြာကွေးကိုမြင်တော့ မျက်နှာရှုံ့မဲ့သွားသည်။

"အပျော့ကြီး"

ဟုတ်ပါသည်။ ဘယ်ကတည်းက ကြော်ထားမှန်းမသိသော အီကြာကွေးက အပျော့ကြီး။

လက်နှင့် ဖျစ်ညှစ်ကြည့်သည်။ ဘိုးတော် ဘုရားလေးဖက် သွားစဉ်က စားချင်သည်ပူဆာ၍ ကြော်ထားသော အီကြာကွေးပင် ဖြစ်မည် ။ ပျော့မဲပြီး တွဲ ပါတွဲ ကျနေသည်။ သူ့နည်းတူစွာ နောက်တစ် ယောက် ကလဲ..

"တောက်..ပေါက်စီကလဲကွာ..ဇာဘော်လီနဲ့ ထုပ်ရမယ်ဆို ဆိုဒ်တောင်ရှိမှာ မဟုတ်ဘူး"

သူ့ညည်းညူသံကြောင့် ကောင်မလေးတွေ မျက်နှာရှုံ့မဲ့ကုန် ၏ ။ ဒါကို နောက် တစ်ယောက် က သံယောင်လိုက်၍ ၊

"အေးလေကွာ..ကြည့်ပါဦး..အီကြာကွေးကလဲ ဘုရားစူး အီကြာကွေး..ပျော့ခွေနေလိုက်တာများ ပိုလီယို ရောဂါ သည်ကို ကျနေတာ"

သူတို့ဘာသာသူတို့ ပြောနေသော်လည်း ကောင်မလေးသုံး ယောက် ကတော့ မျက်နှာမကောင်း။

"မထူးပါဘူးလေ..ရှိတာပဲစားရမှာ ပဲ"

ကောင်လေးက အီကြာကွေးကိုယူပြီး ဖြဲခနဲနှစ် ခြမ်းခွဲလိုက်

သည်။ အီကြာကွေးက သူ့လက်ထဲ ခွေခွေကြီးပါလာ၏ ။

အီကြာကွေးတစ်ခြမ်းကို ပြန်ချလိုက်သည်။ နောက်လက် ထဲကဟာကို ဆန့်လာလိုဆန့်လာငြား လက်နှင့်ဆွဲကြည့်သည်။ နဂို ပျော့ အီကြာကွေးက သူလက်နှင့် ဆန့်တုန်းခဏသာ၊ နောက် သူ့ဘာသာသူ ပြန်ပျော့ကျသွား၏ ။

"အင်..အင်..ပျော့ဦး..ပျော့ဦး"

စိတ်တိုပြီး အီကြာကွေးထိပ်ကို ပါးပိတ်ရိုက်နေသေး၏ ။ သူ့ ခများလဲ အီကြာကွေးပျော့လျှင် စားမဝင်သည့်ပုံ။ အီကြာကွေးကိုညှစ် လိုက်၊ ဆွဲဆန့်လိုက် ပါးရိုက်လိုက်လုပ်နေ၏ ။ ပါးစပ်ဟ၍ ထိုးထည့်ရန် ပြင်သည်။ သို့ သော် မသတီဟန်နှင့် ပြန်ထုတ်ကာ လှုပ်ကြည့်သည်။

ကောင်မလေးများ က သူ့ကိုပဲ ကြောင်ငေးကြည့်ရမလို၊ တစ် ဖက်လှည့်ရမလိုနှင့် မျက်နှာတွေ ပျက်နေ၏ ။ ပေါက်စီသမားကလဲ ပေါက်စီမစားဘဲ မချင့်မရဲနှင့် ကိုင်သာကိုင်ကြည့်နေသည်။

"တောက်..ဟောဒီပေါက်စီထိပ်အသားမရှိမှန်း ငါသိ တယ်"

ကိုင်ပြသည်။ နှစ် လုံးလုံး။ ကောင်မလေးများ က မျက်နှာ အပျက်ပျက်အယွင်းယွင်း။

"ခေါက်ဆွဲကြော်ရပြီ အစ်မလေး"

ခေါက်ဆွဲကြော်ပန်းကန်ကိုချတော့ ဝိုင်းကကြပ်သွားသည်။

ကောင်မလေးက ရပြီးသား သူ့ခေါက်ဆွဲကြော်ပန်းကန်ကို ဘယ်နားချ ရမှန်းမသိ။ ဒါကို ပေါက်စီမှာ ထားသော ကောင်လေးက နားလည် စွာ ဖြင့် အီကြာကွေးသမားကို...

"ဒီမှာ နေရာက ကြပ်နေတော့ ဒီကျန်တဲ့ အီကြာကွေးတစ် ချောင်းကို ကျွန်တော့်ပေါက်စီပန်းကန်ပေါ်တင်လိုက် အီကြာကွေး ပန်းကန် လွတ်သွားရင် ပေါက်စီပန်းကန်အောက်ထပ်လိုက်ရအောင် ..ဒါမှသူတို့ ပန်းကန်ချလို့ရမှာ "

ပေါက်စီကောင်လေး၏ စကားကို အီကြာကွေးကောင်လေး ကလဲ နားလည်စွာ ဖြင့် ...

"အိုး..ကောင်းတာပေါ့..ဒါမှနေရာရမှာ ..ကဲ..ကျွန် တော့် အီကြာကွေးကို ခင်ဗျားပေါက်စီပေါ် ဒီလိုလေး တင်လိုက်ပြီဗျာ ..ဟော..ပန်းကန်လွတ်နှစ် ချပ်ကို"

"ဒီမှာ "

ခပ်လှလှကောင်မလေးက ဒေါသတကြီး ထအော်သည်။

"ဗျာ"

"ခင်ဗျာ"

နှစ် ယောက် လုံးက ကြောင်တောင်တောင်နှင့် ပြန်ကြည့် ကြသည်။

"ဒါ..ရှင်တို့ တမင်သက်သက်လုပ်နေတာ မဟုတ်လား"

"ဗျာ"

"ခင်ဗျာ"

ဟိုနှစ် ယောက် ကြောင်တက်တက် ဖြစ်နေသည်။ နောက်မှ အီကြာကွေးလက်တစ်ဖက်နှင့် ဆုပ်ထားသော ကောင်လေးက၊

"ဗျာ၊ ကျွန်တော် တို့ ဘာလုပ်လို့"

ကောင်မလေးက ထိုင်လျက်ပင် ခါးကိုထောက်ပြီး...

"ဩော်..ဘာမှမလုပ်ဘူး ဟုတ်လား..မိန်းကလေးတွေ ရေ့.. တစ်ယောက် က အီကြာကွေး တစ်ယောက် ကပေါက်စီနဲ့ ဒါ ရှင်တို့တမင်သက်သက် ညစ်ပတ်တာ မဟုတ်ဘူးလား"

"ဟာ..ကျွန်တော် တို့ မညစ်ပတ်ပါဘူး"

"မညစ်ပတ်ပါဘူးဆို စားစရာရှိစားပါလား..ဘာလို့လိုက် ညွှစ်ကြည့်၊ လိုက်ကိုင်ကြည့်လုပ်နေတာလဲ၊ ရေ့မှာ မိန်းကလေးတွေ ရှိတာ ရှင်တို့မသိဘူးလား"

"ဟာ..."

"ဟင်"

ကောင်လေးနှစ် ယောက် နားမရှင်း။

"ဟိုလေ..ကိုင်ကြည့်တော့ ဘာ ဖြစ်လို့လဲ"

"အသည်းယားတယ်ရှင့်..အသည်းယားတယ်..တောက်"

"ဟာ"

"ဗျာ"

ထိုတော့မှ ကောင်လေးနှစ် ယောက် သဘောပေါက်သွားပြီး

"ဟာ..အဲ..အဲလို သဘောမျိုးမဟုတ်ပါဘူး..ကျွန်တော့် ဟာက ပျော့နေလို့..အဲ..အီကြာကွေးက ပျော့နေလို့..အဲဒါ"

"ဟုတ်..ဟုတ်ပါတယ်ဗျာ..ကျွန်တော့် ပေါက်စီကလဲ လူ စဉ်မမီလို့..ဘာသဘောရယ်မှ မဟုတ်ပါဘူးဗျာ..တကယ်ပါ"

သူတို့စကားကို ကောင်မလေးက ဒေါသမျက်နှာနှင့်..

''ဘာသဘောမှ မဟုတ်ရင် ဒီအီကြာကွေးကို ဒီလိုဘေးချရင် ရော မရဘူးလား''

ဆိုကာ ပေါက်စီနှစ် လုံး၏ အလယ်တည့်တည့်ချထားသော အီကြာကွေးကို ဘေးသို့ ဆောင့်ကြီးအောင့်ကြီး ချပြလိုက်သည်။

''အဲ''

''ဟင်''

ကောင်လေးနှစ် ယောက် လုံး ခေါင်းကုတ်သွားသည်။

''ဟုတ်သား...အဲလေ..ဟုတ်ဖူး''

''ဒီ..ဒီလို ဖြစ်သွားတာလား''

နှစ် ယောက် လုံးက ဇဝေဇဝါ။ နောက်မှ ပေါက်စီကောင်လေး က..

''ဩော်..ဒီလိုပါ..ကျွန်တော် က အစေ့နှစ် စေ့အလည်အချောင်းတစ်ခု ချထားတော့ ကျွန်တော့် မျက်စိထဲ ရာခိုင်နှုန်း(%) ပဲမြင်တာ။ အဲဒါ...''

''ဟုတ်ပါရဲ့ ..ကျွန်တော် လဲ ချိန်ခွင်လျှာပဲထင်တာ..ဟင်း ဟင်း''

ကောင်မလေးများ မှာ ပြောရအခက်..ရယ်ရအခက်..

ကောင်လေးများ ကလဲ မထင်မှတ်ဘဲ လုပ်မိနေတာကိုး။

''ဆီချက်နဲ့ထမင်းကြော်ရပါပြီ မမလေး''

နောက်ထပ်ကောင်မလေးနှစ် ယောက် မှာ ထားတာများ ပါ ရောက်လာ၏ ။

စားကြတာ ဟန်ပင်မဆောင်နိုင်။ အစာအနည်းငယ်ဝင် တော့မှ ကောင်မလေးများ ဒေါသအနည်းငယ်ပြေဟန် ရှိကြသည်။ မျက်နှာများ က အနည်းငယ် ပြန်ကြည်လင်လာ၏ ။ အစားမြင်သည် နှင့် ခုနက ပေါက်စီအလယ် စံပယ်နေသော အီကြာကွေးအပျော့ကြီး ကို မေ့လျော့သွားပုံရသည်။

(မှတ်ချက်။ ။ မိန်းမများ မိုက်ဆာပါက ဒေါသထွက်တတ်ကြ၏ )

အီကြွေကြွေးအေးအေးကြီးကို လွေးနေသော ကောင်လေးက အခြေအနေကောင်းပြီဆိုတာ ရိပ်မိပြီး...

''အဲ..ခုနကိစ္စက ဆောရီးပေါ့..အခုဆက်ပြောမယ့်ကိစ္စ မှာ းသွားရင်လဲ ဆောရီးပါ..ကျွန်တော် တို့ရဲ့ ဆရာမိဘများ က တက္ကသိုလ် ရောက်လာရင် ပညာသင်တာအပြင် အသိမိတ်ဆွေ ဖွဲ့ရမယ်လို့ ဆိုခဲ့ပါတယ်။ ကျွန်တော် အားလုံးကို အသိမိတ်ဆွေ ဖွဲ့ပါရ စေ။ ကျွန်တော့် နာမည် ကျော်ဇင်ပါ၊ အင်္ဂလိပ်စာ ပထမနှစ် ကျောင်းသားပါ''